**လုံခြုံစိတ်ချရသော မြေယာပိုင်ဆိုင်မှု၊ ငြိမ်းချမ်းမှု နှင့် ကြွယ်ဝချမ်းသာမှုဆီသို့ ဦးတည်သော ကော်သူးလေ မြေယာနီးနှောဖလှယ်ပွဲ**

**ထုတ်ပြန်ကြေညာချက်**

နိုဝင်ဘာလ ၄ ရက်၊ ၂၀၁၇ ခုနှစ်

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်မှ ၄ ရက်နေ့အထိကျင်းပပြုလုပ်သော ကော်သူးလေမြေယာနီးနှောဖလှယ်ပွဲကို အဖွဲ့အစည်းပေါင်း (၅၃) ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း (၃၇၃) ဦးသည် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ဘားအံခရိုင်၊ လော်ခီးလာတွင် ပြည်သူလူထုမှရင်ဆိုင်နေရသော မြေယာပြဿနာ နှင့်စိန်ခေါ်မှုများ၊ ကော်သူးလေမြေယာမူဝါဒ၊ မြေယာစီမံခန့်ခွဲမှုများနှင့် မြေယာပြဿနာဖြေရှင်းရေးဆိုင် ရာကိစ္စရပ်များကိုကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ ဒေသခံပြည်သူလူထုနှင့်အရပ်ဖက် လူမှုအဖွဲ့ အစည်းများအကြား ပိုမိုခိုင်မာသောပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာအောင် ဆွေးနွေးခဲ့ကြပါသည်။

လက်ရှိ မြန်မာနိုင်ငံ၏ မြေနှင့် သက်ဆိုင်သော ဥပဒေများဖြစ်သည့် ၂၀၁၂ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲမှုဥပဒေ၊ အထူးစီးပွားရေးဇုံနှင့်ရင်းနှီးမြှုပ်နှံမှုဥပဒေများသည်၊ ပြည်သူလူထုများ၏နေ့စဉ်ဘဝများအား ခြိမ်းခြောက်လျက်ရှိနေသည့်အပြင်နိုင်ငံရေးဆွေးနွေးမှုများအတွင်းအချေအတင်အငြင်းပွားမှုများကို ပိုမိုအရှိန်မြင့်စေနိုင်ပါသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအခွင့်ကောင်းယူ၍ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အကြီးစားသဘာဝသယံဇာတထုတ်ယူခြင်းများ၊ ကေပေါင် းသောင်း၊ သိန်းချီသောသီးနှံတစ်မျိုးတည်းစိုက်ပျိုးမှုများ၊ ကြီးမားသောအခြေခံအဆောက်အအုံများ စသည့်ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ရန် အများအပြားဝင်ရောက်လာသည်ကို တွေ့ရှိရသည်။ ဤရင်းနှီးမြှုပ်နှံမှုများသည် မြန်မာအစိုးရမှ ၎င်းတို့၏ထိန်းချုပ်မှုနှင့် အချုပ်အခြာအာဏာဝင်ရောက်ချဲ့ထွင်မှုများဖြစ်ပြီး တစ်ပြိုင်နက်တည်းတွင် ပြည်သူလူထုများအတွက် ကြီးမားသောလူမှုရေးဆိုင်ရာ သက်ရောက်မှုများနှင့် ဘဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်စေပါသည်။

အထက်ပါကြီးမားသော စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများအပြင် ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးအတွင်း မြန်မာအစိုးရ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံကိန်းများဖြစ်သည့် အမျိုးသားဥယျာဉ်များ၊ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများသတ်မှတ်ခြင်းသည်လည်း ၎င်းတို့၏အုပ်ချုပ်ရေးနယ်မြေများ တိုးချဲ့နေခြင်းသာဖြစ်သည်။ ဤထိန်းသိမ်းရေးစီမံကိန်းများသည် ဒေသခံပြည်သူများအား ဘေးဖယ်ချန်လှပ်ပြီး သစ်တောနယ်မြေများကို သတ်မှတ်ကာကွယ်သည်ဟုအကြောင်းပြကာ ၎င်းဒေသခံပြည်သူများအား သစ်တောနယ်မြေများထဲသို့ ကျူးကျော်ဝင်ရောက် နေထိုင်သူများ၊ သစ်တောကိုဖျက်ဆီးနေသူများနှင့် ဒေသခံများ၏ဓလေ့ထုံးတမ်းမြေယာကျင့်သုံးမှုများကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်စေသည်ဟု ပုံဖော်စွပ်စွဲနေသည်။ တစ်ဆက်တည်းတွင် ဤကဲ့သို့သော သဘာဝအရင်းအမြစ်ထုတ်ယူခြင်း၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများနှင့် ကြီးမားသောသဘာဝအရင်းအမြစ်ထိန်းသိမ်းရေးစီမံကိန်းများကိုအကြောင်းပြုကာ အုပ်ချုပ်ရေးနယ်မြေများတိုးချဲ့ခြင်းများကြောင့် ဒေသခံပြည်သူများ၏ ဘဝ၊ အသက်မွေးဝမ်းကျောင်း၊ ယဉ်ကျေးမှု၊ လူ့ဂုဏ်သိက္ခာတို့အတွက် မှီခိုရာ မြေယာ၊ ရေ၊ သားငါး၊ သစ်တော၊ စားကျက်မြေအစရှိသည်တို့ကို ကြီးမားစွာ ခြိမ်းခြောက်လျက်ရှိသည်။

တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများအရ မြေယာအသုံးပြုခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ပိုင်ဆိုင်ခွင့်များကို မြေယာနှင့်မြေယာအသုံးပြုမှုဆိုင်ရာမူဝါဒများ၊ ဥပဒေများနှင့် နည်းဥပဒေများတွင် အသိအမှတ် ပြုပြဋ္ဌာန်း ကျင့်သုံးရမည်။ ထိုသို့ပြဋ္ဌာန်းရာတွင် ပြည်တွင်းနေရပ်စွန့်ခွာရသူများနှင့် ဒုက္ခသည်များ၏ မြေယာပြန်လည်ရယူ ပိုင်ဆိုင်ခွင့်များကိုပါ ထည့်သွင်းပြဋ္ဌာန်းရမည်။

ပြည်တွင်းစစ်ပဋိပက္ခများကြောင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများ၊ ဒုက္ခသည်များနှင့် ၎င်းတို့၏မိသားစုဝင်များသည် မိမိဆန္ဒအလျောက် ဘေးကင်းလုံခြုံသည့် မူလနေရပ်သို့ ဂုဏ်သိက္ခာရှိစွာ ပြန်လည်နေထိုင်နိုင်ရန်အတွက် အိုးအိမ်မြေယာနှင့် ပိုင်ဆိုင်မှုများ ပြန်လည်ရယူပိုင်ဆိုင်ခွင့်နှင့် အခြေချနေထိုင်ခွင့်ရှိရမည်။

ကော်သူးလေမြေယာမူဝါဒနှင့် ဌာနေတိုင်းရင်းသားတို့၏ မြေယာအသုံးပြုမှုနှင့် စီမံခန့်ခွဲမှုကို ဆန့်ကျင်နေသည့် မြန်မာအစိုးရ၏ မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲမှုဥပဒေအား ဖျက်သိမ်းရမည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးတွင် ၆ ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးဖော်ဆောင်ထားသည့် ပြည်သူများလက်ခံထားသော ကော်သူးလေမြေယာမူဝါဒနှင့် မြေယာစီမံခန့်ခွဲမှုစနစ်အား ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်ရန်ဤနှီးနှောဖလှယ်ပွဲမှတိုက်တွန်းကြောင်း ထုတ်ပြန်အပ်ပါသည်။

**ဆက်သွယ်ရန်**

၁။ စောအဲလက်(စ်) - ကော်သူးလေမြေယာနှီးနှောဖလှယ်ပွဲကျင်းပရေးကော်မတီ
မြန်မာ - +၉၅ (၀) ၉၇၆ ၁၇၇ ၀၁၁၅
ထိုင်း - +၆၆ (၀) ၉၆ ၇၆၅ ၆၆၁၅

၂။ ပဒို မန်းဘထွန်း - မြေယာကော်မတီဥက္ကဋ္ဌ၊ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (ဗဟို)
ထိုင်း - +၆၆ (၀) ၉၇ ၉၄၀ ၈၁၅၂

၃။ နော်ခူးခူဂျူး -ဒို့မြေ ကွန်ရက်
မြန်မာ - +၉၅ (၀) ၉၇၉ ၅၅၄ ၄၀၈၅